# တရုတ်နိုင်ငံနှင့် မြန်မာစစ်ကောင်စီတို့၏ "မချစ်သော်လည်းအောင့်ကာနမ်း"ဆက်ဆံရေး

တရုတ်အထူးကိုယ်စားလှယ် တိန့်ရှီကျွမ်း၏ နောက်ဆက်တွဲအနေနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် အာဏာသိမ်း ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဆွေးနွေးရန် ဩဂုတ် ၁၄ ရက်က နေပြည်တော်သို့ ရောက်ရှိခဲ့သည်။ ဩဂုတ်လ ၈ ရက်နေ့တွင် တရုတ်အထူးကိုယ်စားလှယ် တိန့်ရှီကျင်းသည် နေပြည်တော်သို့ လာရောက်ခဲ့ပြီး စစ်ခေါင်းဆောင်နှင့် တွေ့ဆုံခဲ့သည်။ စစ်ခေါင်းဆောင်မှ ညီနောင်မဟာမိတ် ၃ ဖွဲ့၏ လက်နက်ခဲယမ်းစက်ရုံများ လည်ပတ်မှုမရှိနိုင်စေရန် ကုန်ကြမ်းဝင်ရောက်မှုကို ထိန်းချုပ်ရန် ပြောကြားပြီး၊ ထိုလက်နက်စက်ရုံများ ရှိနေခြင်းအတွက် တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို မေးခွန်းထုတ်ခဲ့ရာ အဆင်မပြေမှုများ ဖြစ်ပွားခဲ့သည်။

စစ်ခေါင်းဆောင်မင်းအောင်လှိုင်မှ ဩဂုတ်လ ၅ ရက်နေ့တွင် တရုတ်နိုင်ငံဟု အတိအကျ မစွတ်စွဲသော်လည်း၊ တရုတ်နိုင်ငံဟု သိသိသာသာ ရည်ညွှန်းထားသောနိုင်ငံမှ ညီနောင်မဟာမိတ်များကို ကူညီပေးသောကြောင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ရှုံးနိမ့်ခဲ့ရပါသည်ဟု မိန့်ခွန်းထွက်ပြောခဲ့ပြီး ၃ ရက်အကြာတွင် တိန့်ရှီကျွမ်းရောက်ရှိခဲ့ခြင်း ဖြစ်သည်။ စစ်ကောင်စီ၏ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကျပြီး အဆိုပါစစ်တိုင်း၏ စစ်ဗိုလ်ချုပ်များအား အရှင်လက်ရဖမ်းဆီးမိထားကြောင်း MNDAA က ဓါတ်ပုံနှင့်တကွ ထုတ်ပြန်ကြေညာခဲ့သည်။ ထို့သို့ကြေညာပြီးနောက်နေ့တွင်ပင် မင်းအောင်လှိုင်မှ အရေးပေါ်မိန့်ခွန်းပြောပြီး တရုတ်ကို စွတ်စွဲခဲ့ဖြစ်သည်။

တရုတ်အထူးကိုယ်စားလှယ် လာရောက်ချိန်တွင် မင်းအောင်လှိုင်သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကျဆုံးသွားသဖြင့် ဆောက်တည်ရာမဲ့ဖြစ်ကာ စိတ်ဂဏာမငြိမ်နေချိန်ဖြစ်သည်။ မင်းအောင်လှိုင်၏ ပြုမူပြောဆိုမှုများသည်ပုံမှန်မဟုတ်သောကြောင့် တိန့်ရှီကျွမ်းနှင့်တွေ့ဆုံမှုတွင် တင်းမာမှုနှင့် ရှုတ်ထွေးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။

ထိုအခြေအနေများကြောင့် တရုတ်နိုင်ငံခြားရေးဝမ်ယီသည် မူလစီစဉ်ထားခြင်းမရှိပဲ နေပြည်တော်ကို ချက်ချင်းလာရောက်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိသည်။ ထို့အပြင် ဝမ်ယီခရီးစဉ်၏ရည်ရွယ်ချက်မှာ စစ်ခေါင်းဆောင်မင်းအောင်လှိုင်ကို လာရောက်နှစ်သိမ့်ခြင်းဖြစ်သည်ဟု ယူဆရပါသည်။ တရုတ်နိုင်ငံမှ ညီနောင်မဟာမိတ်များကို ကူညီနေသည်ဟုယုံကြည်နေပြီး ဆောက်တည်ရာမဲ့ဖြစ်နေသော မင်းအောင်လှိုင်ကို ဝမ်ယီမှတကယ်လည်း နှစ်သိမ့်ခဲ့ပါသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးမှ မင်းအောင်လှိုင်အား တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွင်း မငြိမ်မသက်ဖြစ်မှုများနှင့် စစ်မက်ဖြစ်ပွားမှုများကို ဆန့်ကျင်သည်၊ မြန်မာနိုင်ငံအရေးတွင် ပြင်ပနိုင်ငံများမှ ဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်သည်၊ တရုတ်နှင့် မြန်မာကြား

သွေးခွဲရန် ကြိုးပမ်းမှုများနှင့် တရုတ်နိုင်ငံ၏ ပုံရိပ်ကိုဖျက်ဆီးရန် ကြိုးပမ်းမှုများကိုဆန့်ကျင်သည် “ ဟု ပြောဆိုခဲ့သည်ဟု တရုတ်အစိုးရ မီဒီယာ၏ဖော်ပြချက်အရ သိရပါသည်။ ထိုအပြင် “ တရုတ်နိုင်ငံ သည် မြန်မာနိုင်ငံ၏လွတ်လပ်ရေး၊ အချုပ်အချာအာဏာ၊ အမျိုးသားစည်းလုံးညီညွတ်မှုနှင့် နယ်မြေမပြို ကွဲမှုကို ခိုင်ခိုင်မာမာထောက်ခံသည်” ဟုလည်းပြောဆိုခဲ့ပါသည်။

## အမှန်တရားနှင့်ကင်းကွာနေသော ဝမ်ယီ၏ပြောဆိုချက်

တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ ထိုသို့ပြောဆိုချက်များသည် တရုတ်နိုင်ငံ၏ လက်တွေလုပ်ဆောင်မှုများနှင့် ကွဲလွဲနေပါသည်။ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု ဖြစ်စဉ်များအားလုံးအတွင်း တရုတ်၏ ပါဝင် ပတ်သက်မှုများစွာ ရှိပါသည်။ မြန်မာနိုင်ငံအရေးတွင် တရုတ်က ပိုမိုပါဝင်စွတ်ဖက်မှုမှာ ဇူလိုင်လတွင် ( အထူးသဖြင့် ၁၀၂၇ စစ်ဆင်ရေးဒုတိယလှိုင်းတွင် ) ပို၍ သိသာထင်ရှားလာပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လထဲတွင် တရုတ်နိုင်ငံမှ သမ္မတဟောင်းသိန်းစိန်ကို ဖိတ်ကြားခဲ့ခြင်းနှင့် ဇူလိုင်လဆန်း ထဲတွင် စစ်ကောင်စီဒုတိယဥက္ကဋ္ဌ စိုးဝင်းတို့ကိုဖိတ်ကြားခြင်းများ ဖြစ်ပွားခဲ့ပြီး တရုတ်နိုင်ငံမှ မင်းအောင် လှိုင်ကို ရာထူးမှထွက်သွားစေချင်သည့် သဘောထားများရှိသည်ဆိုသော သတင်းများထွက်ပေါ်ခဲ့သည်။ တရုတ်နိုင်ငံမှ မင်းအောင်လှိုင်ကို ရာထူးမှဆင်းပေးစေလိုသည့်သတင်းမှာ အပြည့်အဝအတည်ပြု၍ မရ သော်လည်း ဟိုင်ဂင်သဘောတူညီချက်ကို စစ်ကောင်စီမှချိုးဖောက်သောကြောင့် တိုက်ပွဲများပြန်လည် ဖြစ်ပွားရသည့်အတွက် တရုတ်မှစစ်ကောင်စီကို အမြင်မကြည်သည့်သဘောကို တွေ့ရပါသည်။

ထို့အတူရှမ်းမြောက်တွင် တိုက်ပွဲများတကြော့ပြန်၊ ပြန်လည်းဖြစ်ပွားခဲ့သည့် အခြေအနေကို တရုတ်မှ နှစ်ချိုက်ဟန်မတူချေ။ ၂၀၂၄ ဇူလိုင်လ ၃ ရက်နေ့တွင် MNDAA မှ လားရှိုးကို စတင်ထိုးစစ်ဆင်နေချိန်တွင် တရုတ်မှ MNDAA ကို တိုက်ပွဲများရပ်တန့်ရန် ဖိအားပေးခဲ့ပါသည်။

ထိုသို့ဖိအားပေးမှုကြောင့် တိုက်ပွဲစတင်ပြီး ၁၀ ရက်အကြာ ဇူလိုင်လ ၁၄ ရက်နေ့တွင် တရုတ် ကွန်မြူနစ် ပါတီ ဗဟိုကော်မတီအစည်းအဝေးကျင်းပနေသည့်အတွက် ထိုးစစ်များကို ဇူလိုင်လ ၁၄ ရက်မှ ၁၈ ရက် အထိ ရပ်ဆိုင်းသည်ဟု MNDAA မှ ကြေညာခဲ့ရသည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် MNDAA မှ ထိုးစစ် ပြန်လည်စတင်ခဲ့ပြီး ထို့နေ့တွင်ပင် MNDAA မှ ဇူလိုင်လ ၁၉ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိ တရုတ် နိုင်ငံ၏တောင်းဆိုချက်ကြောင့် တစ်ဖက်သက်အပစ်အခတ်ရပ်စဲသည်ဟု ကြေညာခဲ့ရသည်။ ၁၀၂၇ စစ်ဆင်ရေးအပိုင်း ၂ ဖြစ်ပွားသည်မှာ စစ်ကောင်စီတပ်များ၏ ဟိုင်ဂင်သဘောတူညီချက်များအား ချိုးဖောက်ပြီး စစ်အင်အားတိုးချဲ့မှုနှင့် နယ်မြေကျူးကျော်မှုများကြောင့် ပြန်လည်ဖြစ်ပွားခဲ့ရခြင်း ဖြစ်သ

ဖြင့် ရန်လိုနေသောစစ်ကောင်စီတပ်များကို တဖက်သက်အပစ်အခတ်ရပ်စဲသည်မှာ လက်တွေ့ကျသော ကိစ္စမဟုတ်ပေ၊ ထို့ကြောင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ပြီး ဇူလိုင်လကုန်တွင် MNDAA မှ လားရှိုးကို သိမ်းပိုက်ခဲ့သည်။

တရုတ်သည် လားရှိုးတွင် တိုက်ပွဲများပြန်လည်ဖြစ်ပွားပြီး မကြာမီ ဇူလိုင်လ ၉ ရက်နေ့တွင် ညီနောင် မဟာမိတ်များထိန်းချုပ်ရာဒေသရှိ နယ်စပ်ကုန်သွယ်ရေးဂိတ်များကို တရုတ်ဖက်မှပိတ်လိုက်သည်။ တရုတ်ဖက်မှ ကုန်သွယ်ရေးကိုပိတ်လိုက်ခြင်းသည် တရုတ်နယ်စပ်တွင် အခြေချလှုပ်ရှားကြသည့် ညီနောင်မဟာမိတ်များကို ဖိအားပေးခြင်းဖြစ်သည်။ သို့သော် ညီနောင်မဟာမိတ်တပ်များက ကြိုတင် ပြင်ဆင်မှုများကောင်းသဖြင့် တိုက်ပွဲရလဒ်များကို မည်သို့မျှမထိခိုက်ချေ။ ထို့အတူ တရုတ်သည် ကိုးကန့် ဒေသမြို့တော်ဖြစ်သည့် လောက်ကိုင်ကို ဖုန်းလိုင်းများ၊ လျှပ်စစ်မီးများဖြတ်တောက်လိုက်သည်။ ညီနောင် မဟာမိတ်များ ထိန်းချုပ်ရာဒေသရှိ နယ်စပ်ဂိတ်များကို တရုတ်မှ ပိတ်လိုက်သော်လည်း ရှမ်းမြောက်ဒေသ တွင် စစ်ကောင်စီမှထိန်းချုပ်ထားသောတစ်ခုတည်းသော နယ်စပ်ဂိတ်ဖြစ်သည့် မူဆယ်ဂိတ်ကို ပိတ်ပြစ် ခြင်းမရှိပေ။

ဇူလိုင်လဒုတိယပတ်အတွင်း ညီနောင်မဟာမိတ်ခေါင်းဆောင်များကို တရုတ်နိုင်ငံမှခေါ်ယူတွေ့ဆုံခဲ့ပြီး တိုက်ပွဲများအတွင်း ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) များ ပါဝင်နေမှုကိုထောက်ပြပြောဆိုခဲ့ ကြောင်း Myanmar Now ၏ သတင်းပေးပို့ချက်အရ သိရသည်။ NUG နှင့် PDF များသည် အမေရိကန် ဩဇာခံများဖြစ်သဖြင့် ညီနောင်မဟာမိတ်တပ်ဖွဲ့များအနေနှင့် ပူပေါင်းဆောင်ရွက်ခြင်းမပြုရန် ညီနောင် မဟာမိတ်များကို တရုတ်နိုင်ငံက ဖိအားပေးခဲ့သည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုသိမ်းပိုက်ပြီး၊ ဗိုလ်ချုပ်၊ ဗိုလ်မှူးချုပ်များ အားဖမ်းဆီးလိုက်သည်ဟု MNDAA မှ ဩဂုတ်လ ပထမပတ်တွင် ကြေညာပါသည်။ ထိုသတင်းကြောင့် တုန်လှုပ်ခြောက်ခြားသွား သော အာဏာသိမ်းခေါင်းဆောင်မင်းအောင်လှိုင်မှ မိန့်ခွန်းထွက်ပြောပါသည်။ ထို့အတူ စစ်ကောင်စီ၏ ဝါဒဖြန့်တယ်လီဂရမ်ချန်နယ်များတွင်လည်း ပြည်ပကျူးကျော်စစ်၊ တရုတ်၏ကျူးကျော်စစ်ဟု ဝါဒဖြန့်ကြ သလို စစ်ကောင်စီမှစီစဉ်သည့် MNDAA မှ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကို သိမ်းခြင်းအား ဆန္ဒပြပွဲတွင် တရုတ်နိုင်ငံမှ ကျူးကျော်ခြင်းဖြစ်ကြောင်း ပြောဆိုဟစ်ကြွေးကြပါသည်။

ဩဂုတ်လ ၈ ရက်နေ့တွင် တိမ့်ရှီကျူမ်း နေပြည်တော်သို့ လာရောက်ပြီး ၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဝမ်ယီ လာရောက်ခဲ့ပါသည်။ အဆိုပါခရီးစဉ်များမှ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအရေးကိစ္စကို ဘယ်လောက် ဦးစားပေးဆောင်ရွက်နေကြောင်း သိသာထင်ရှားစေပါသည်။ သို့သော် တရုတ်၏ရပ်တည်ချက်ကို ရှင်းရှင်း လင်းလင်းမတွေ့ရပေ။ တရုတ်သည် စစ်ကောင်စီဖက်မှ ရပ်တည်ထားသည် သို့မဟုတ် ညီနောင်မဟာ မိတ်များဖက်မှ ရပ်တည်သည်ဟု ယတိပြတ်သုံးသပ်ပြော၍ မရပေ။ စစ်ကောင်စီ၏ တရုတ်အပေါ် စွတ်စွဲ ချက်များအရ ၁၀၂၇ စစ်ဆင်ရေးတွင် တရုတ်ဖက်မှ တစ်နည်းနည်းနှင့်ပါဝင်မှု ရှိနေသည်ဟု တွက်ဆနိုင် သကဲ့သို့၊ International Crisis Group ( ICG ) ၏ ၂၀၂၄ ခုနှစ်မတ်လ အစီရင်ခံစာဖော်ပြချက်သည်လည်း အဆိုပါစွတ်စွဲချက်ကိုထောက်ခံနေပါသည်။ သို့သော် ထိုအချက်များကိုကြည့်ပြီး တရုတ်သည် ညီနောင် မဟာမိတ်များဖက်မှရပ်တည်သည်ဟု ကောက်ချက်ချလျှင် မှားပါလိမ့်မည်။ ကိုးကန့်ဒေသ၊ လောက်ကိုင်ကို တရုတ်ဖက်မှ ဖုန်းလိုင်းများ၊ လျှပ်စီးမီးလိုင်းများဖြတ်လိုက်ခြင်းနှင့် ညီနောက်မဟာမိတ်များ ထိန်းချုပ် ထားသော နယ်စပ်ကုန်သွယ်ရေးဂိတ်များကို တရုတ်မှ တဖက်သက်ပိတ်လိုက်သည်ကို ကြည့်ခြင်းအားဖြင့် တရုတ်ဖက်မှ ညီနောင်မဟာမိတ်များဖက်မှရပ်တည်သည်ဟု ပြော၍မရပေ။ သေချာသည်မှာ တရုတ်နိုင်ငံ သည် နှစ်ဖက်စလုံးကို ဖိအားပေးနေခြင်းဖြစ်သည်။

## တရုတ်၏ စေ့စပ်ဆွေးနွေးရေးလမ်းကြောင်း

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအရေးကိစ္စတွင်အမေရိကန်နှင့် ဥရောပနိုင်ငံများ ပါဝင်လာမည်ကို မလိုလား သကဲ့သို့ မြန်မာနိုင်ငံအနာဂါတ်အတွက် တရုတ်သာလျှင် ကြားဝင်ဆောင်ရွက်ခွင့်ရှိသည်ဟု ယုံကြည်ထား သည်။ ကြားသိရှိရသောသတင်းများအားလုံးအရ တရုတ်၏ ကြားဝင်စေ့စပ်ရေးလမ်းကြောင်းမှာ စစ်တပ် နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးပြီး ကြားဖြတ်အစိုးရဖွဲ့ကာ ရွေးကောက်ပွဲကျင်းပပြီး အာဏာပြန်လွှဲရန်ဖြစ်သည်ဟု ယူဆရသည်။

တရုတ်သည် အာဏာသိမ်းပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရန် စစ်ကောင်စီ ကို တိုက်တွန်းနေခဲ့သည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရရန် တရုတ်ဖက်မှ အစဉ်တစိုက် ကြိုးစားခဲ့သော်လည်း စစ်ကောင်စီမှ တွေ့ခွင့်လည်းမပေးခဲ့ပေ။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပဋိပက္ခ များကို အဖြေရှာဖြေရှင်းရန် ကြိုးပမ်းခဲ့သည်က အမှန်ဖြစ်သည်။ သို့သော်အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်၏ အမျော်အမြင်နည်းမှု၊ ခေါင်းမာမှုတို့ကြောင့် ရှေ့မရောက်ခဲ့ပေ။ ထိုပြင် ဟိုင်ဂင် သဘော တူညီချက်ကိုလည်း စစ်ကောင်စီဖက်မှ စတင်ချိုးဖောက်ခဲ့သည်၊ တိုက်ပွဲတိုင်းလည်း ရှုံးခဲ့သည်။ ထို့ကြောင့်လည်း မင်းအောင်လှိုင်၏ ခေါင်းဆောင်မှုကို တရုတ်ဖက်မှ စိတ်ပျက်လာခဲ့ခြင်းဖြစ်သည်။

တရုတ်၏ စေ့စပ်ဆွေးနွေးရေးလမ်းကြောင်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်တပ်အပေါ် အခြေပြုထားပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ဖြစ်နေသည်။ လက်ရှိနွေဦးတော်လှန်ရေး၏ ဦးဆောင်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် NUCC တို့ကို တရုတ်ဖက်မှ ထည့်သွင်းစဉ်းစားခြင်း မပြုထားပေ။ တရုတ်သည် တိုင်းရင်းသားနက်ကိုင်အဖွဲ့များနှင့် သီးခြားဆက်ဆံရေးပြုလုပ်သကဲ့သို့ စစ်ကောင်စီနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များကြား သီးခြားဆွေးနွေးပွဲများကို ညှိနှိုင်းခဲ့သည်။ ထို့အပြင် တရုတ်သည် NUG ကို အမေရိကန်လက်အောက်ခံဟု စွတ်စွဲကာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များကို NUG နှင့်မပတ်သက်ရန် ဖိအားပေးခဲ့သည်။ အထက်ပါအချက်များအားလုံးကိုကြည့်ခြင်းဖြင့် တရုတ်၏ ကြားဝင်စေ့စပ်မှုအကြံအစည်များ လက်တွေ့မကျသည်ကို ဖော်ပြနေပါသည်။ ထို့ကြောင့် အောင်မြင်မည်မဟုတ်ပေ။

## အခြေအနေကို မထိမ်းနိုင်တော့သည့်တရုတ်

တရုတ်သည်သူ၏ Belt and Road Initiative အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ သူ၏အကျိုးစီးပွားများ အတွက် လွန်စွာပူပန်လျှက်ရှိပြီး မြန်မာနိုင်ငံရေးပဋိပက္ခများ အမြန်ဆုံးအဆုံးသတ်စေရန် လိုလားလျှက်ရှိသည်။ ထို့ကြောင့် သူလိုလားသည့် စေ့စပ်ဆွေးနွေးရေးအခြေအနေများအားလုံး မဖြစ်လာသည့်အခါ စစ်ကောင်စီကျင်းပပေးမည်ဟုဆိုသော ရွေးကောက်ပွဲကျင်းပရေးကိုသာ ဦးစားပေးကူညီရန် ဆုံးဖြတ်လိုက်ပုံရပါသည်။

အခြေအနေ အချက်အလက်များအားလုံးအရ တရုတ်သည် ညီနောင်မဟာမိတ်သုံးဖွဲ့ကို မီးစိမ်းပြခဲ့ပြီး ညီနောင်မဟာမိတ်များအောင်ပွဲဆင်၍ အခြေအနေတစ်ရပ်သို့ ရောက်ရှိလာသောအခါ တရုတ်နိုင်ငံမှ ဝင်ရောက်ထိန်းသိမ်းသည့် ပုံစံပြုပြီး ဟိုင်ဂင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးစေခဲ့ခြင်းဖြစ်သည်ဟု ယူဆရပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် နိုင်ငံတကာတွင် သူ၏ပုံရိပ်ကို နိုင်ငံတကာငြိမ်းချမ်းရေး တည်ဆောက်သူအဖြစ် ပုံပေါ်နိုင်ပြီး မြန်မာနိုင်ငံ၏ အဓိကဇာတ်ကောင်များအပေါ် သူ၏ဩဇာသည်လည်း ပိုမိုကြီးထွားလာမည် ဖြစ်ပါသည်။

တရုတ်နိုင်ငံမှ သူခွင့်ပြုပေးခဲ့သော ၁၀၂၇ စစ်ဆင်ရေးကို အတိုင်းအတာတစ်ခုတွင်ရပ်တန့်ရန် ဝင်ထိန်းသော်လည်း မထိန်းနိုင်တော့ခြင်းဖြစ်သည်ဟု သုံးသပ်ရပါသည်။ ထိုသို့မထိန်းတော့သည့်အတွက် ဇူလိုင်လကုန်တွင် စစ်ကောင်စီ၏ တတိယမြောက်အရေးအကြီးဆုံးဖြစ်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်

သည် MNDAA လက်ထဲသို့ကျဆင်းသွားပြီး၊ ရှမ်းပြည်မြောက်ပိုင်း၏ မြို့တော်လားရှိုးကိုလည်း ကိုးကန့်၏ MNDAA တပ်ဖွဲ့မှ သိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

## ဝမ်ယီ၏ လာရောက်မှုကို ကျေနပ်နေသောမင်းအောင်လှိုင်

အဆိုပါအခြေအနေ၊ အဖြစ်အပျက်များလုံးသည် တရုတ်နိုင်ငံ၏ မြန်မာပြည်တွင်းရေးထဲတွင် ပါဝင်စွတ်ဖက်မှုများကို သိသာပေါ်လွင်စေပါသည်။ ထို့ကြောင့်တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ အခိုင်အမာကတိပြုပြောဆိုချက်များသည် မှန်ကန်မှုမရှိ လွဲမှားသည်ဟု ကောက်ချက်ချရမည် ဖြစ်ပါသည်။ သို့သော် စစ်ခေါင်းဆောင်မင်းအောင်လှိုင်သည် ဝမ်ယီလာရောက်ခြင်းနှင့် ဝမ်ယီ၏ပြောဆိုချက်များအပေါ် အထူးပင် ကျေနပ်သွားပုံရပါသည်။ ကျေနပ်သွားရုံမကပဲ ဝမ်ယီ မပြောကြားခဲ့သည့်စကားများကိုပင် ပြောကြားခဲ့သည်ဟု လိမ်လည်ဝါဒဖြန့်ထုတ်လွှင့်ခဲ့သည်အထိ ဖြစ်ပါသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ နှစ်သိမ့်ပြောကြားချက်ဖြစ်သည့် "တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွင်း မငြိမ်မသက်ဖြစ်မှုများနှင့် စစ်မက်ဖြစ်ပွားမှုများကိုဆန့်ကျင်သည်" ဟူသောပြောဆိုချက်ကို စစ်ကောင်စီ၏ တရားဝင်မီဒီယာများတွင် " ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မြို့ရွာများအပေါ် တိုက်ခိုက်မှုဖြစ်စဉ်များအား တရုတ်နိုင်ငံဆန့်ကျင်သည်"ဟု ပြောဆိုခဲ့ကြောင်း အကြောင်းအရာနှင့် စာသားကို ပြောင်းလဲပုံဖော်၊ ဖော်ပြကြပါသည်။

ထိုသို့ပြောင်းလဲဖော်ပြချက်သည် မြန်မာစစ်ကောင်စီအတွင်း အဆင့်ဆင့်သော ဗိုလ်ချုပ်၊ ဗိုလ်မှူး၊ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ၏ စိတ်ဓါတ်ကိုမြင့်တင်ရန်ဖြစ်သည်ဟု ယူဆရသည်။ တစ်ကမ္ဘာလုံးက ဝိုင်းဝန်းဆန့်ကျင်ခဲ့ကြပြီး တရုတ်နိုင်ငံကပါ စစ်ကောင်စီကိုအလိုမရှိတော့ပဲ မြောက်ပိုင်းမဟာမိတ်ညီနောင်များကို ထောက်ပံ့ကူညီပေးနေသည်ဟူသော သတင်းသည် အဆိုပါစစ်ဗိုလ်ချုပ်များ၊ ဗိုလ်မှူးကြီးများအပါအဝင် စစ်ကောင်စီတပ်သားများကို အားကိုးရာမဲ့မှုနှင့် ပြေးစရာမြေမရှိတော့သည့် ခံစားချက်များ ပြင်းထန်စွာ ရရှိစေခဲ့ပါသည်။ နဂိုမူလကပင် ပြည်သူများ၏ ဆန့်ကျင်မုန်းတီးခြင်းကို ခံရမှု၊ ခေါင်းဆောင်များအပေါ် အယုံအကြည်မရှိမှု၊ ဆက်တိုက်ရှုံးနိမ့်မှုများကြောင့် စိတ်ဓါတ်ကျဆင်းပြီးသား စစ်ကောင်စီတပ်သားများသည် ပိုမိုလွယ်ကူစွာအလျှော့ပေး လက်နက်ချအညံ့ခံလာကြပါသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် သူ့ဖက်တွင်ရှိကြောင်း တော်လှန်ရေးတပ်ဖွဲ့များကို လက်မခံကြောင်း သူ၏စစ်ကောင်စီတပ်သားများ ယုံကြည်စေရန် ထိုကဲ့သို့ လိမ်လည်ထုတ်ပြန်ခြင်းဖြစ်သည်ဟု ယူဆရပါသည်။

## တရုတ်ကို ဆောက်တည်ရာမဲ့စွာ ဖားနေရသည့် မင်းအောင်လှိုင်

မိမိကိုယ်မိမိ နိုင်ငံတော်အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲရာထူးများ ပေးအပ်ထားသော မင်းအောင်လှိုင်မှ တရုတ်နိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးအဆင့်သာရှိသောသူအား ရာဇပလ္လင်ရှေ့တွင် အဆင့်တူထိုင်ကာ တွေ့ဆုံစကားပြောခဲ့ပြီး ဝမ်ယီကို နိုင်ငံတော်အကြီးအကဲသဖွယ် ဆက်ဆံပြခဲ့ပါသည်။ ယခင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လက်ထက် သမ္မတကြီးနှစ်ဦးဖြစ်သော၊ သမ္မတကြီးဦးထင်ကျော်နှင့် သမ္မတကြီးဦးဝင်းမြင့်တို့ နှစ်ဦးစလုံးလက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးဝမ်ယီကို နိုင်ငံခြားရေးအဆင့် ပရိုတိုကောဖြင့်သာ ဆက်ဆံခဲ့သည်ကို တွေ့ရပါသည်။ မင်းအောင်လှိုင်၏ ဝမ်ယီကိုတွေ့ဆုံစကားပြောပုံမှာ လွန်ခဲ့သော ၄ နှစ်က သမ္မတကြီးဦးဝင်းမြင့်မှ တရုတ်သမ္မတကြီးရှီကျင်းဖျင်ကို လက်ခံတွေ့ဆုံသည့် အနေအထား ဖြစ်ပါသည်။ ထို့အပြင် ဝမ်ယီနှင့်တွေ့ဆုံချိန်တွင် မင်းအောင်လှိုင်သည် စိတ်မငြိမ်မသက်ဖြစ်မှု၊ ဂဏာမငြိမ်ဖြစ်မှု၊ စိတ်လှုပ်ရှားမှုများ သိသိသာသာဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။ ထိုအခြေအနေများအားလုံးသည် မင်းအောင်လှိုင်မှ ဝမ်ယီစိတ်ကျေနပ်မှုရရှိစေရန်၊ တရုတ်နိုင်ငံမှ သဘောကျ လက်ခံလာစေရန် ဆောက်တည်ရာမဲ့စွာကြိုးစားနေမှုကို ဖော်ပြလျှက်ရှိပါသည်။

ဝမ်ယီကို မင်းအောင်လှိုင်တွေ့ဆုံသည့် အနေအထားနှင့် စစ်ကောင်စီပိုင်မီဒီယာများ၏ ဝါဒဖြန့်သတင်းများလွှင့်မှုတို့သည် စစ်ကောင်စီ၏အခြေအနေကို ဖော်ပြနေပါသည်။ စစ်ကောင်စီတပ်သည် အောက်ခြေစစ်သားမှ ကာကွယ်ရေးဦးစီးချုပ်အထိ စိတ်ဓါတ်ပျက်ပြားယုံကြည်မှု ကင်းမဲ့နေပါသည်။ ယခုအချိန်တွင် မင်းအောင်လှိုင်အပါအဝင် စစ်ကောင်စီတပ်တစ်ခုလုံးသည် စိတ်ဓါတ် ထိုးစိုက်ကျဆင်းနေကြပြီး ယုံကြည်မှု ကင်းမဲ့နေကြသည်ဟု မြင်နေရပါသည်။

## မချစ်သော်လည်းအောင့်ကာနမ်းဆက်ဆံရေး

မင်းအောင်လှိုင်နှင့် စစ်ကောင်စီဗိုလ်ချုပ်များအကြားတွင် တရုတ်မုန်းတီးမှု၊ တရုတ်ဆန့်ကျင်ရေးစိတ်များရှိပါသည်။ "မြန်မာနိုင်ငံမှာ အထူးသဖြင့် စစ်တပ်ထဲမှာ တရုတ်ဆန့်ကျင်ရေး စိတ်ဓာတ်တွေ နက်နက်ရှိုင်းရှိုင်း ရှိနေပါတယ်။ အထူးသဖြင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်ဆန့်ကျင်ရေး အမြင်တွေကို ခိုင်ခိုင်မာမာရှိတယ်လို့ လူသိများပါတယ်" ဟု “I nternational Crisis Group “ မှ မြန်မာနိုင်ငံဆိုင်ရာ အကြီးတန်းအကြံပေး Richard Horsey ပြောကြားခဲ့သည်။ သို့သော်အခြေအနေအရပ်ရပ်အရ ထို့မုန်းတီးစိတ်များကို ချိုးနှိမ်ဖိနှိပ်ပြီး တရုတ်ကို အောက်ကျို့နေရခြင်းဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

တရုတ်နိုင်ငံသည်လည်း လက်ရှိစစ်ကောင်စီခေါင်းဆောင်များကို မကြိုက်ပါ။ လက်ရှိစစ်ခေါင်းဆောင်များ၏ အမြော်အမြင်မရှိမှု ၊ ခေါင်းမာမှု၊ သူ့၏စကားနားမထောင်မှု၊ စစ်ရေးဆက်တိုက်ရှုံးနိမ့်မှုများသည် တရုတ်ကို စိတ်ပျက်စေခဲ့ပါသည်။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေအပေါ် တရုတ်က လုံးဝအကောင်းမြင်နိုင်စွမ်း မရှိတော့ပါ။ အဆိုပါအကောင်းမမြင်မှုကို မင်းအောင်လှိုင်နှင့်တွေ့အပြီး ထိုင်းနိုင်ငံတွင် ပြုလုပ်ခဲ့သည့် လန်ချမ်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောဆွေးနွေးပွဲတွင် " မြန်မာနိုင်ငံအခြေနေသည် စိုးရိမ်စရာအခြေအနေဖြစ်နေသည်" ဟု ပြောဆိုခဲ့ပါသည်။

နေပြည်တော်၌ တွေ့ဆုံစဉ် ဝမ်ယီက " မြန်မာနိုင်ငံ၏ တည်ငြိမ်ရေး၊ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံမပြိုကွဲရေး "တို့ကို တရုတ်နိုင်ငံက ထောက်ခံကြောင်း" ပြောဆိုခြင်းနှင့်အတူ မင်းအောင်လှိုင်အား တရုတ်နိုင်ငံအား အပုပ်ချခြင်းမပြုရန် သတိပေးခဲ့သည်။ ဝမ်ယီ၏ ခရီးစဉ်အကြောင်း သတင်းဖော်ပြချက်အား "တရုတ် နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာစစ်အစိုးရ ခေါင်းဆောင်ကို မသိမသာ သတိပေးကြိမ်းမောင်းသွားသည်" ဟုခေါင်းစဉ်တပ်ထားပြီး ၊ ရှမ်းပြည်မြောက်ပိုင်း စစ်အစိုးရဆန့်ကျင်ရေး စစ်ဆင်ရေးများ၏ နောက်ကွယ်တွင် တရုတ်နိုင်ငံကရှိသည်ဟု စစ်ခေါင်းဆောင် မင်းအောင်လှိုင်၏ စွတ်စွဲပြောဆိုမှုအတွက် သူ့ကိုလူကိုယ်တိုင်သတိပေးသင့်သည်ဟု တရုတ်နိုင်ငံက ယူဆပုံရသည်" ဟု ဧရာဝတီသတင်းဌာနက ဖော်ပြထားသည်။

အားလုံးကိုခြုံငုံသုံးသပ်ရလျှင် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် စစ်ကောင်စီခေါင်းဆောင်တို့၏ တွေ့ဆုံမှုသည် သူတို့၏ " မချစ်သော်လည်းအောင့်ကာနမ်း " ဆက်ဆံရေးကို ထင်ဟပ်လျက် ရှိပါသည်။

---------------------------------------------

ဤသုံးသပ်ချက်သည် တရုတ်ဝန်ကြီးချုပ်ဝမ်ယီ၏ မြန်မာခရီးစဉ် နှင့် ၂၀၂၄ ဇူလိုင် နှင့် ဩဂုတ်လအတွင်း တရုတ်နှင့် စစ်ကောင်စီတို့၏ ဆက်ဆံရေးအကြောင်း သုံးသပ်တင်ပြထားခြင်း ဖြစ်ပါသည်။

ဦးမျိုးရန်နောင်သိန်း
Burmese Democratic Futures Working Group (BDFWG)
University of Virginia
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်